မွန်ပြည်နယ်

သထုံခရိုင်

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# ပေါင်မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၃၀) ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | မြေပုံ | | |
| | **အခန်း(၁)**<br>**နိဒါန်းနှင့် ဒေသသမိုင်း** | | |
| ၁ | နိဒါန်း | ၁ | ၁ |
| ၂ | ဒေသသမိုင်းအကျဉ်း | ၁ | ၁ |
| | **အခန်း(၂)**<br>**ပထဝီဝင်အနေအထား** | | |
| ၃ | တည်နေရာနှင့်အကျယ်အဝန်း | ၁ | ၁ |
| ၄ | နယ်နိမိတ် | ၂ | ၂ |
| ၅ | မြေမျက်နှာသွင်ပြင် | ၂ | ၂ |
| ၆ | ရေဆင်း | ၂ | ၂ |
| ၇ | ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် | ၂ | ၂ |
| | **အခန်း(၃)**<br>**ရာသီဥတု နှင့် သဘာဝပတ်ဝန်းကျင်** | | |
| ၈ | ရာသီဥတု | ၂ | ၂ |
| ၉ | သဘာဝပေါက်ပင်များ | ၃ | ၃ |
| ၁၀ | တောရိုင်းတိရိစ္ဆာန်များ | ၃ | ၃ |
| ၁၁ | သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ | ၃ | ၃ |
| ၁၂ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ | ၃ | ၃ |
| ၁၃ | သဘာဝဘေးအန္တရာယ်ကျရောက်မှု | ၃ | ၃ |
| | **အခန်း(၄)**<br>**လူဦးရေဆိုင်ရာအချက်အလက်များ** | | |
| ၁၄ | နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ | ၄ | ၄ |
| ၁၅ | **အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**<br>(က) အိမ်ခြေ/ အိမ်ထောင်စု<br>(ခ) လူဦးရေ | ၅<br>၅<br>၅ | ၅<br>၅<br>၅ |
| ၁၆ | **လူဦးရေတိုးနှုန်းနှင့် ကျား/ မအချိုး**<br>(က) လူဦးရေတိုးနှုန်းနှင့် ကျား/ မအချိုး<br>(ခ) မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်/ ပြောင်းထွက်လူဦးရေ | ၆<br>၆<br>၆ | ၆<br>၆<br>၆ |
| ၁၇ | ကိုးကွယ်သည့်ဘာသာ | ၆ | ၆ |
| ၁၈ | နိုင်ငံခြားသားများနေထိုင်မှု | ၆ | ၆ |

| | | | |
|---|---|---|---|
| | **အခန်း(၅)**<br>**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ** | | |
| ၁၉ | အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု | ၆ | ၆ |
| ၂၀ | **ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ** | ၇ | ၈ |
| | (က) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ/ အဖွဲ့ဝင်စာရင်း | ၇ | ၇ |
| | (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၇ | ၇ |
| | (ဂ) နိုင်ငံရေးပါတီများ | ၈ | ၈ |
| | (ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ | ၈ | ၈ |
| | **အခန်း(၆)**<br>**စီးပွားရေးဆိုင်ရာအချက်အလက်** | | |
| ၂၁ | စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက် | ၉ | ၉ |
| ၂၂ | မြေအသုံးချမှုစာရင်း | ၉ | ၉ |
| ၂၃ | **ဆည်မြောင်းတာတမံနှင့် ဆည်ရေသောက်ဧရိယာ** | ၁၀ | ၁၀ |
| | (က) ကိုယ့်အားကိုယ်ကိုးဆည်များ | ၁၀ | ၁၀ |
| | (ခ) မြစ်ရေတင်စီမံကိန်းများ | ၁၀ | ၁၀ |
| | (ဂ) တာတမံများ/ ရေထိန်းတံခါးများ | ၁၀ | ၁၀ |
| ၂၄ | **စိုက်ပျိုးရေးလုပ်ငန်း** | ၁၀ | ၁၃ |
| | (က) အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု | ၁၀ | ၁၀ |
| | (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ | ၁၁ | ၁၁ |
| | (ဂ) အခြားစျေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု | ၁၁ | ၁၁ |
| | (ဃ) လယ်ယာသုံး စက်ကိရိယာသုံးစွဲမှုအခြေအနေ | ၁၂ | ၁၂ |
| | (င) လယ်ယာသုံးထယ်ထွန်နှင့် ကျွဲနွားကောင်ရေ | ၁၂ | ၁၂ |
| | (စ) ဒေသတွင်း ဆန်ဖူလုံမှု ရာခိုင်နှုန်း | ၁၃ | ၁၃ |
| | (ဆ) ဒေသတွင်း ဆီဖူလုံမှု ရာခိုင်နှုန်း | ၁၃ | ၁၃ |
| ၂၅ | **မွေးမြူရေးလုပ်ငန်းများ** | ၁၄ | ၁၄ |
| | (က) မွေးမြူရေးဇုန်များ | ၁၄ | ၁၄ |
| | (ခ) မြို့နယ်မွေးမြူရေးကောင်ရေ | ၁၄ | ၁၄ |
| | (ဂ) မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ) | ၁၄ | ၁၄ |
| | (ဃ) မြို့နယ်ကြက်/ ဘဲ/ ငုံးဥ ထုတ်လုပ်မှု (လုံး) | ၁၄ | ၁၄ |
| | (င) နို့ထွက်ပစ္စည်း ထုတ်လုပ်မှု | ၁၄ | ၁၄ |
| | (စ) မြို့နယ်ငါး/ ပုစွန်မွေးမြူမှုအခြေအနေ | ၁၄ | ၁၄ |
| | (ဆ) ရေချို ရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်လုပ်မှု | ၁၄ | ၁၄ |
| ၂၆ | **စက်မှုလက်မှုလုပ်ငန်း** | ၁၄ | ၁၆ |
| | (က) စက်မှုဇုန်များ | ၁၄ | ၁၄ |
| | (ခ) မြို့နယ်စက်ရုံများ | ၁၅ | ၁၅ |
| | (ဂ) မြို့နယ်အလုပ်ရုံများ | ၁၅ | ၁၅ |
| | (ဃ) အိမ်တွင်းစက်မှုလုပ်ငန်းများ | ၁၆ | ၁၆ |

| | | | |
|---|---|---|---|
| ၂၇ | **သစ်တောလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ** | ၁၆ | ၁၇ |
| | (က) သစ်တောများ | ၁၆ | ၁၆ |
| | (ခ) စီးပွားဖြစ်သစ်တောစိုက်ခင်း | ၁၆ | ၁၆ |
| | (ဂ) သစ်ထုတ်လုပ်မှု | ၁၆ | ၁၆ |
| | (ဃ) သစ်တောထွက်ပစ္စည်းများ | ၁၇ | ၁၇ |
| ၂၈ | **တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း** | ၁၇ | ၁၇ |
| | (က) ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု | ၁၇ | ၁၇ |
| | (ခ) ကျောက်မျက်တူးဖော်ထုတ်လုပ်မှု | ၁၇ | ၁၇ |
| ၂၉ | **စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍ** | ၁၇ | ၁၇ |
| | (က) ဓါတ်ဆီ/ ဒီဇယ်အရောင်းဆိုင်များ | ၁၇ | ၁၇ |
| | (ခ) သဘာဝဓါတ်ငွေ့ အရောင်းဆိုင်များ | ၁၇ | ၁၇ |
| ၃၀ | **ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း** | ၁၈ | ၁၈ |
| | (က) လေကြောင်းလမ်း | ၁၈ | ၁၈ |
| | (ခ) ရေကြောင်းလမ်း | ၁၈ | ၁၈ |
| | (ဂ) ရထားလမ်းနှင့် ဘူတာရုံများ | ၁၈ | ၁၈ |
| | (ဃ) ကားဂိတ်များ | ၁၈ | ၁၈ |
| ၃၁ | **ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ** | ၁၈ | ၁၉ |
| | (က) ကားလမ်းများ | ၁၈ | ၁၈ |
| | ( ခ) မြို့နယ်ချင်းဆက်လမ်းများ | ၁၉ | ၁၉ |
| | (ဂ) တံတားများ | ၁၉ | ၁၉ |
| | (ဃ) လမ်း၊ တံတားသုံး စက်ကိရိယာများ | ၁၉ | ၁၉ |
| | (င) လမ်း၊ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း | ၁၉ | ၁၉ |
| ၃၂ | **ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း** | ၁၉ | ၂၀ |
| | (က) ဟိုတယ် မိုတယ် အင်း တည်းခိုးခန်း | ၁၉ | ၁၉ |
| | (ခ) ကမ်းခြေနှင့် အပန်းဖြေနေရာများ | ၂၀ | ၂၀ |
| ၃၃ | သမဝါယမအသင်းများ | ၂၀ | ၂၀ |
| ၃၄ | **စီးပွားရေးဆိုင်ရာအခြေခံအဆောက်အဦများ** | ၂၀ | ၂၁ |
| | (က) ကုမ္ပဏီ၊ ကုန်စည်ဒိုင်၊ ပွဲရုံ၊ ဈေး၊ ကုန်တိုက် | ၂၀ | ၂၀ |
| | (ခ) ဘဏ်များ | ၂၀ | ၂၀ |
| | (ဂ) စတိုးဆိုင်နှင့် အရောင်းဆိုင်များ | ၂၁ | ၂၁ |
| ၃၅ | **စည်ပင်သာယာရေးလုပ်ငန်းများ** | ၂၁ | ၂၂ |
| | (က) ဈေးလုပ်ငန်း | ၂၁ | ၂၁ |
| | (ခ) သောက်သုံးရေရရှိရေးလုပ်ငန်း | ၂၂ | ၂၂ |
| | (ဂ) သန့်ရှင်းရေးလုပ်ငန်း | ၂၂ | ၂၂ |
| | (ဃ) လမ်း/တံတားလုပ်ငန်း | ၂၂ | ၂၂ |

| | | | |
|---|---|---|---|
| ၃၆ | **ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ**<br>(က) ပုံနှိပ်လုပ်ငန်းနှင့် တေးသံသွင်း ဗီဒီယို<br>(ခ) မီဒီယာလုပ်ငန်းများ | ၂၃<br>၂၃<br>၂၃ | ၂၃<br>၂၃<br>၂၃ |
| ၃၇ | ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ၂၃ | ၂၃ |
| ၃၈ | လူတစ်ဦးချင်းဝင်ငွေ | ၂၃ | ၂၃ |
| ၃၉ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအလိုက် အလုပ်လုပ်သူ ဦးရေ | ၂၄ | ၂၄ |
| ၄၀ | အလုပ်လုပ်ကိုင်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့ဦးရေ | ၂၄ | ၂၄ |
| | **အခန်း(၇)**<br>**လူမှုရေးဆိုင်ရာအချက်အလက်များ** | | |
| ၄၁ | **ပညာရေးကဏ္ဍ**<br>(က) အဆင့်မြင့်ပညာ<br>(ခ) အခြေခံပညာ<br>(ဂ) မူလတန်းကြိုကျောင်း<br>(ဃ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း<br>(င) ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံမှု<br>(စ) တက္ကသိုလ်ဝင်တန်းအောင်မြင်မှု<br>(ဆ) စာတတ်မြောက်မှု ရာခိုင်နှုန်း<br>(ဇ) သင်ကြားမှု/ သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ<br>(ဈ) စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှု | ၂၄<br>၂၄<br>၂၄<br>၂၅<br>၂၅<br>၂၅<br>၂၅<br>၂၅<br>၂၆<br>၂၆ | ၂၆<br>၂၄<br>၂၄<br>၂၅<br>၂၅<br>၂၅<br>၂၅<br>၂၅<br>၂၆<br>၂၆ |
| ၄၂ | **ကျန်းမာရေးကဏ္ဍ**<br>(က) ဆေးရုံများ<br>(ခ) ဆေးပေးခန်းများ<br>(ဂ) ကျေးလက်ကျန်းမာရေးဌာနများ/ဌာနခွဲများ<br>(ဃ) ကျန်းမာရေးစောင့်ရှောက်မှု<br>(င) ဒေသတွင်းအများဆုံးဖြစ်တက်သောရောဂါများ<br>(စ) HIV AIDSရောဂါဖြစ်ပွားမှု သေဆုံးမှုဦးရေ<br>(ဆ) ကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများ | ၂၆<br>၂၆<br>၂၆<br>၂၆<br>၂၇<br>၂၇<br>၂၇<br>၂၇ | ၂၇<br>၂၆<br>၂၆<br>၂၆<br>၂၇<br>၂၇<br>၂၇<br>၂၇ |
| ၄၃ | **လူမှုရေးအသင်းအဖွဲ့များ**<br>(က) INGO<br>(ခ) NGO (ဦးရေ)<br>(ဂ) အသင်းအဖွဲ့များ | ၂၈<br>၂၈<br>၂၈<br>၂၈ | ၂၈<br>၂၈<br>၂၈<br>၂၈ |
| ၄၄ | အားကစားနှင့်ဖျော်ဖြေရေးလုပ်ငန်းများ | ၂၈ | ၂၈ |
| | **အခန်း(၈)**<br>**ဘာသာရေးဆိုင်ရာအချက်အလက်များ** | | |
| ၄၅ | **ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အဦများနှင့်သာသနာဝင်ပုဂ္ဂိုလ်များ**<br>(က) သာသနိကအဆောက်အဦများ<br>(ခ) ရဟန်းသံဃာနှင့် သီလရှင်များ | ၂၉<br>၂၉<br>၂၉ | ၂၉<br>၂၉<br>၂၉ |

| | | | |
|---|---|---|---|
| | (ဂ) ထင်ရှားသည့်ဘုရား၊ စေတီ၊ ပုထိုးများ<br>(ဃ) ထင်ရှားသည့်ဘုန်းတော်ကြီးကျောင်းများ | ၂၉<br>၂၉ | ၂၉<br>၂၉ |
| ၄၆ | အခြားဘာသာရေးအဆောက်အဦများ | ၃၀ | ၃၀ |
| ၄၇ | သမိုင်းဝင်ထင်ရှားသောအဆောက်အဦနှင့်နေရာများ | ၃၀ | ၃၀ |
| | **အခန်း(၉)**<br>**ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များ** | | |
| ၄၈ | **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ**<br>(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဆောင်ရွက်သည့်လုပ်ငန်း<br>(ခ) အစိုးရနှင့်ပြည်သူ ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ | ၃၀<br>၃၀<br><br>၃၁ | ၃၁<br>၃၁<br><br>၃၁ |
| ၄၉ | မြို့ပြစီမံကိန်း (Town Plan) နှစ်(၃၀)အတွက် မြေအသုံးချမှု ဆိုင်ရာ လျာထားမှု | | |
| | **အခန်း(၁၀)**<br>**အထွေထွေ** | | |
| ၅၀ | အခြားတင်ပြလိုသောအချက်များ | ၃၂ | ၃၂ |
| ၅၁ | နိဂုံး | ၃၂ | ၃၂ |

# ပေါင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများ အခြေပြမြေပုံ




## ညွှန်ပြချက်

၁။ မြို့နယ် နယ်နိမိတ်

၂။ ရပ်ကွက်/ကျေးရွာအုပ်စုတည်နေရာ

၃။ ရပ်ကွက်/ကျေးရွာ နယ်နိမိတ်

၄။ မီးရထားလမ်း

၅။ မော်တော်ကားလမ်း

၆။ ကျောက်ခင်းလမ်း

၇။ မြစ်/ချောင်း

# မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့ အခြေပြမြေပုံ



# ပေါင်မြို့ ရပ်ကွက်အခြေပြမြေပုံ



## ပေါင်မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ

## အခန်း(၁)

## နိဒါန်းနှင့်ဒေသသမိုင်း

### နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ရှိ ဌာနဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများအကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေ ရပ်ကွက်/ ကျေးရွာအုပ်စု အဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အသီးသီးတွင် တာဝန် ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားချောမွေ့စွာ လည်ပတ် ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီးဌာနမှ ပေးအပ်သော တာဝန်များနှင့် ဒေသန္တရအစိုးရအဖွဲ့များမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက် အလက်များပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်း ဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင် နယ်မြေ၏ အချက်အလက်များ ကိုလွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် ပေါင်မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ (၂၀၁၈ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်ထိ အခြေအနေ)ကို သက်ဆိုင်ရာဌာန အသီးသီးမှ ပေးပို့သောကိန်းဂဏန်းများ နှင့်အညီ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။

### ဒေသသမိုင်းအကျဉ်း

၂။ မြတ်စွာဘုရားရှင် (၈)ဝါမြောက်တွင် ရမ္မာပူရ မုတ္တမသို့ ကြွချီတော်မူရာ သုက္ကယနှင့် ဝါရ ရသေ့ညီနောင်တို့အား ဆံတော်တစ်ဆူစီ ချီးမြှင့်ခဲ့ပါသည်။ ရသေ့ညီနောင်တို့မှ ဆံတော်(၂)ဆူ ပေါင်း၍ စေတီတည်ရာ ကျိုက်ပေါင်းစေတီဟု အမည်တွင်ပါသည်။ ကျိုက်ပေါင်းစေတီအမည်ကို အမှီပြု၍ ပေါင်းရပ်ကွက်ဟုလည်းကောင်း၊ ပေါင်မြို့နယ်ဟုလည်းကောင်း အမည်တွင်လာခြင်း ဖြစ်ပါသည်။ ပေါင်မြို့နယ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏(၇.၇.၁၉၇၂)ရက်စွဲပါစာအမှတ်၊၁၀၃/၃၄/ စိတ် (၁)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

## အခန်း(၂)

## ပထဝီဝင် အနေအထား

### တည်နေရာနှင့်အကျယ်အဝန်း

၃။ ပေါင်မြို့နယ်သည် မြန်မာနိုင်ငံ၏ တောင်ပိုင်းတွင် တည်ရှိ၍ မွန်ပြည်နယ်၊ သထုံခရိုင်တွင် တည်ရှိပါသည်။ ပေါင်မြို့နယ်သည် မြောက် လတ္တီ တွဒ် ၁၆ဒီဂရီ ၁၀ မိနစ်နှင့် ၁၆ ဒီကရီ ၄၈ မိနစ် အကြား၊ အရှေ့လောင်ဂျီ တွဒ် ၉၇ ဒီကရီ ၁၆ မိနစ်နှင့် ၉၇ ဒီကရီ ၃၈မိနစ် အကြားတွင် တည်ရှိပြီး ပေါင်မြို့မ ဧရိယာအကျယ်အဝန်းမှာ (၂.၁၃)စတုရန်းမိုင်၊ ဇင်းကျိုက်မြို့ အကျယ်အဝန်းမှာ (၁.၇၄) စတုရန်းမိုင်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အကျယ်အဝန်းမှာ (၄၃၂.၈၈)စတုရန်းမိုင်ရှိပြီး မြို့နယ်အကျယ် အဝန်းမှာ (၄၃၆.၇၅)စတုရန်းမိုင်ရှိ၍ အရှေ့မှအနောက်သို့ (၂၁)မိုင်ရှိပြီး တောင်မှမြောက်သို့ (၃၀)မိုင် ရှည်လျား ပါသည်-

| စဉ် | မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ပေါင်မြို့ | ၂.၁၃ | ၄၃၂.၈၈ | |
| ၂ | ဇင်းကျိုက်မြို့ | ၁.၇၄ | - | |
| | **မြို့နယ်ချုပ်** | **၃.၈၇** | **၄၃၂.၈၈** | **၄၃၆.၇၅** |

**နယ်နိမိတ်**

၄။ ပေါင်မြို့နယ်၏ အရှေ့ဘက်တွင် ဒုံသမိမြစ်နှင့် သံလွင်မြစ်ခြားလျက် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ တောင်ဘက်တွင် သံလွင်မြစ်ခြားလျက် မွန်ပြည်နယ်ရှိ ချောင်းဆုံမြို့နယ်၊ မြောက်ဘက်တွင် သထုံမြို့နယ်၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့နှင့် ထိစပ်လျက်ရှိပြီး ကမ်းရိုးတန်းမိုင်မှာ (၂၂)မိုင် ဖြစ်ပါသည်။

**မြေမျက်နှာသွင်ပြင်**

၅။ ပေါင်မြို့နယ်သည် မြို့နယ်အလယ် သွယ်တန်းနေသော တောင်တန်းများမှအပ လွင်ပြင်ဒေသများ ဖြစ်ပါသည်။ ဇင်းကျိုက်တောင်၊ ကုလားမတောင်၊ နွားလဘို့တောင်၊ မုတ္တမတောင်တန်းများမှာ မြောက်မှ တောင်သို့ သွယ်တန်းလျက်ရှိပါသည်။ ထင်ရှားသော တောင်တန်းမှာ ကုလားမတောင်တန်း ဖြစ်ပါသည်။ ပေါင်မြို့နယ်တွင် ကျွန်းပေါင်း(၃)ကျွန်း ရှိပြီးလူနေကျွန်း(၁)ကျွန်း၊ လူမနေကျွန်း(၂)ကျွန်း ရှိပါသည်။ ထင်ရှားသော ကျွန်းများ မရှိပါ။

**ရေဆင်း**

၆။ ပေါင်မြို့နယ်တွင် ရင်းငြိမ်ချောင်း၊ ဘိုင်လောင်းချောင်း၊ ကဒုံစီးချောင်းတို့ရှိပြီး မြစ်ချောင်းများ သည် အရှေ့မှ အနောက်သို့ စီးဆင်းလျက်ရှိပါသည်။ ထင်ရှား သော မြစ် သို့မဟုတ် ချောင်းများ မရှိပါ။ ဒေသအတွင်းရှိ ရေအရင်း အမြစ် အများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ သောက်သုံးရေ စသည်ဖြင့် အသုံးပြု နိုင်ပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

၇။ ပေါင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်(၂၄)ပေ အထက်တွင် တည်ရှိပါသည်။ အမြင့်ဆုံးတောင်မှာ ဇင်းကျိုက်တောင်ဖြစ်၍ ပင်လယ်ရေမျက်နှာပြင်ထက်(၃၀၂၂)ပေ ဖြစ်၍ မြို့နယ်၏ အနိမ့်ဆုံး အရပ် ဒေသမှာ အလှပ်ကျေးရွာအုပ်စုဖြစ်ပါသည်။

**အခန်း(၃)**

## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### ရာသီဥတု

၈။ ပေါင်မြို့နယ်သည် ပူအိုက်စိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၃၈°C)နှင့် အနိမ့်ဆုံး အပူချိန်မှာ (၂၀°C) ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါ အတိုင်း ဖြစ် ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန် (လက်မ) | နွေရာသီ (°C) | ဆောင်းရာသီ (°C) |
| | | | | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၆ | ၁၃၆ | ၁၈၇.၂၇ | ၃၄°C | ၂၁°C |
| ၂ | ၂၀၁၇ | ၁၄၆ | ၂၀၅.၁၃ | ၃၃°C | ၁၉°C |
| ၃ | ၂၀၁၈ | ၁၂၀ | ၂၁၂ | ၃၀°C | ၂၅°C |
| ၄ | ၂၀၁၉ | ၁၂၉ | ၂၇၁.၀၁ | ၃၀°C | ၂၅°C |

### သဘာဝပေါက်ပင်များ

၉။ ပေါင်မြို့နယ်အတွင်းရှိ ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ သက်န်း၊ သစ်တို၊ သပြေ၊ အုံတုံ၊ နဘဲ၊ ဖက်သန်း၊ ကောင်းမှူ၊ လယ်ဇ၊ မအူ၊ ရေမှိန် တို့ဖြစ်ပါသည်။

### တောရိုင်းတိရစ္ဆာန်များ

၁၀။ ပေါင်မြို့နယ်အတွင်းရှိ တောရိုင်းတိရိစ္ဆာန်များမှာ ဂျီ၊ တောဝက်၊ မျောက်မြီးရှည်၊ ဆတ်၊ ရစ်၊ သင်းခွေချပ်၊ တောကြက်၊ တောကြောင်၊ စပါးအုံ၊ စပါးကြီး၊ တောကြီးမြွေဟောက်စသည်တို့ဖြစ်ပါသည်။

### သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ

၁၁။ ပေါင်မြို့နယ်၏လက်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောကြိုးဝိုင်း၊ သစ်တော ဖုံးလွှမ်းမှုမှာ (၁၀၀%)ဖြစ်ပြီး ကြိုးပြင်ကာကွယ် တောဖုံးလွှမ်းမှု မရှိပါ။

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

၁၂။ ပေါင်မြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အတွက်ကြိုးဝိုင်းတော (၂၆၀၄၀.၀၉)ကေထိန်းသိမ်းလျှက်ရှိပါသည်။သစ်တော စိုက်ခင်း တည်ထောင်နိုင်မှုမှာ နိုင်ငံပိုင် သစ်မာ (၅၀)ကေ ဖြစ်ပါသည်။

### သဘာဝဘေးအန္တရာယ်ကျရောက်မှု

၁၃။ ပေါင်မြို့နယ်၌ ၂၀၁၉ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

| စဉ် | အမျိုးအစား | ဖြစ်ပွါးကြိမ် | သေ/ ပျောက် ဦးရေ | အဆောက်အဦ ပျက်စီးမှု | ဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မီးဘေး | ၈ | ၁ | နေအိမ် (၈)လုံးပျက်စီး | ၁.၈၁၅၅၀၀ |

| | | | | | |
|---|---|---|---|---|---|
| ၂ | လေဘေး | ၂၈ | - | နေအိမ်(၁၀၆)လုံးအမိုးလန်၊နေအိမ်(၉)လုံးပြိုကျပျက်စီး၊စာသင်ကျောင်း(၅)ကျောင်းအမိုးလန်၊ အုပ်ချုပ်ရေးမှူးရုံး (၂)ရုံး အမိုးလန်၊ နတ်စင် (၁) အမိုးလန် | ၃၄.၈၁၀၆၀၀ |
| ၃ | ရေဘေး | ၉ | - | နေအိမ် (၂)လုံးပြို၊ နေအိမ် (၁)လုံး ရေစီးဖြင့်မျောပါ၊ နေအိမ် (၂၂)လုံး ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ | ၃.၂၅၀၀၀၀ |
| ၄ | မြေပြိုဘေး | ၈ | ၇၃ | နေအိမ် (၃၃)လုံး ပြိုကျပျက်စီး၊ နေအိမ်(၁)လုံး အဆောက်ဆောင်နှင့် အမိုးသွပ်များ ပျက်စီး၊ ဘုန်းကြီးကျောင်း(၄)ကျောင်းပြိုကျပျက်စီးခဲ့ | ၂၀၂.၆၀၄၀၀၀ |
| ပေါင်း | | ၅၃ | ၇၄ | | ၂၄၂.၄၈၀၁၀၀ |

**အခန်း(၄)**

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ပေါင်မြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လူမျိုး | မြို့နယ် လူဦးရေ | နေထိုင်သည့်လူဦးရေ | မြို့နယ်လူဦးရေ၏ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၂၆၂၅၁၂ | ၂ | ၀.၀၀၀၇၆ |
| ၂ | ကယား | | ၆ | ၀.၀၀၂၃ |
| ၃ | ကရင် | | ၄၂၇၉၂ | ၁၆.၃၀ |
| ၄ | ချင်း | | ၁ | ၀.၀၀၀၃၈ |
| ၅ | မွန် | | ၈၄၂၄၁ | ၃၂.၀၉ |
| ၆ | ဗမာ | | ၁၀၉၀၉၂ | ၄၁.၅၆ |
| ၇ | ရခိုင် | | ၁၁ | ၀.၀၀၄၂ |
| ၈ | ရှမ်း | | ၁ | ၀.၀၀၀၃၈ |
| ၉ | ပအိုဝ်း | | ၅၈၅၈ | ၂.၂၃ |
| ၁၀ | ဓနု | | - | - |

| | | | | |
|---|---|---|---|---|
| ၁၁ | တောင်ရိုး | | - | - |
| ၁၂ | ပလောင် | | - | - |
| ၁၃ | အခြား | | ၂၀၃၄၉ | ၇.၇၅ |
| | | ၂၆၂၅၁၂ | **၂၆၂၃၅၃** | **၉၉.၉၄%** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ ပေါင်မြို့နယ်၏၂၀၁၇ခုနှစ် စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

### (က) အိမ်ခြေ/ အိမ်ထောင်စု

| စဉ် | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | မြို့နေ | ၁၀၀၈၅ | ၁၀၈၅၅ | ၈ | - | - |
| ၂ | ကျေးလက်နေ | ၃၁၅၂၈ | ၃၃၁၅၅ | - | ၄၉ | ၁၅၅ |

### (ခ) လူဦးရေ

| စဉ် | အကြောင်းအရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | **မြို့နေ** | ၁၈၄၀၉ | ၁၉၂၆၃ | ၃၇၆၇၂ | ၁၁၉၁၄ | ၁၀၉၈၅ | ၂၂၈၉၉ | ၃၀၃၂၃ | ၃၀၂၄၈ | ၆၀၅၇၁ |
| ၂ | **ကျေးလက်နေ** | ၆၀၉၂၇ | ၆၅၂၆၈ | ၁၂၆၁၉၅ | ၃၇၉၄၆ | ၃၇၈၀၀ | ၇၅၇၄၆ | ၉၈၈၇၃ | ၁၀၃၀၆၈ | ၂၀၁၉၄၁ |

**လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး**

၁၆။ ပေါင်မြို့နယ်၏ ၂၀၁၉ခုနှစ် လူဦးရေတိုးနှုန်းကျား၊ မအချိုး မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) **လူဦးရေတိုးနှုန်းနှင့် ကျားမအချိုး**

| စဉ် | မြို့နယ် | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာ ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | ပေါင် | ၂၅၇၅၄၇ | ၂၆၂၅၁၂ | ၄၉၆၅ | ၁.၈၉ | ၁၂၉၁၉၆ | ၁၃၃၃၁၆ | ၁:၁.၀၃ |

( ခ ) **မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ**

| စဉ် | မြို့နယ် | မူလ လူဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ပေါင် | ၂၅၇၅၄၇ | ၄၇၅၆ | ၁၈၈၄ | ၂၄၀၈ | ၃၁၅ | ၂၆၂၅၁၂ |

**ကိုးကွယ်သည့်ဘာသာ**

၁၇။ ပေါင်မြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက်လူဦးရေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ပေါင်မြို့နယ် | ၂၄၁၁၀၂ | ၈၁၀ | ၁၁၇၈၄ | ၈၈၁၆ | - | - | ၂၆၂၅၁၂ |

**နိုင်ငံခြားသားများနေထိုင်မှု**

၁၈။ ပေါင်မြို့နယ်တွင် နိုင်ငံခြားသားနေထိုင်သူဦးရေမှာ တမီလ်(၁၅၃)ဦးနှင့် အခြား(၆)ဦး ရှိပါသည်။

## အခန်း(၅)

## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

**အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု**

၁၉။ ပေါင်မြို့နယ်တွင် မြို့(၂)မြို့ ရပ်ကွက် (၈)ရပ်ကွက်၊ ကျေးရွာအုပ်စု(၄၉)အုပ်စု၊ ကျေးရွာပေါင်း (၁၅၅)ရွာ ရှိပါသည်။

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ**

၂၀။ ပေါင်မြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးမျိုးအောင် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| ၂ | ဦးတင်ထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၃ | ဦးသန်းထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၄ | ဦးချစ်ထွန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၅ | ဦးအောင်မြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၆ | ဦးသန်းထွန်းအေး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ၇ | ဦးမျိုးကိုကို | ဦးစီးအရာရှိ၊ မြို့နယ်ထွေ/အုပ် | အဖွဲ့ဝင် |
| ၈ | ဒေါ်ဝင်းမင်းသန်း | ဦးစီးမှူး၊ ပြန်/ဆက် | အဖွဲ့ဝင် |
| ၉ | ဦးထင်အောင် | ဦးစီးအရာရှိ၊ မြို့နယ်လဝက | အဖွဲ့ဝင် |
| ၁၀ | ဦးစိန်မောင်း | ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေး | အဖွဲ့ဝင် |
| ၁၁ | ဒေါ်စန်းစန်းအေး | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၁၂ | Drခင်မောင်ကြည် | မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ | အဖွဲ့ဝင် |
| ၁၃ | ဦးကျော်စိုးအောင် | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၁၄ | ဒေါ်ခင်နှင်းယု | မြို့နယ်စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ၁၅ | ဦးထွန်းထွန်းဦး | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင် | အဖွဲ့ဝင် |
| ၁၆ | ဒေါ်မိုးဇင်မာဦး | ဦးစီးအရာရှိ၊မြို့နယ်ကော်မရှင် | အတွင်းရေးမှူး |

(ခ) **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ**

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်/ မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ပေါင်မြို့နယ် | ၂၆၂၅၁၂ | ၇၉၃၃၆ | ၈၄၅၃၁ | ၁၆၃၈၆၇ |

(ဂ) **နိုင်ငံရေးပါတီများ**

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင် ဦးရေ | ပါတီဝင် ဦးရေ |
|---|---|---|---|---|---|
| ၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ဦးဝင်းနိုင် | ဦးအောင်မင်း | ၁၇ | ၃၈၀၀ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ဦးကျော်လင်းဦး | ဦးအောင်ဆန်းဦး | ၁၅ | ၂၃၉၃၀ |
| ၃ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ဦးခင်မောင်မြင့် | ဦးသန်းဆွေ | ၂၁ | ၂၆၇ |
| ၄ | မွန်အမျိုးသားပါတီ | နိုင်ဘထောက် | နိုင်မြင့်ဦး | ၂၁ | - |
| ၅ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | ဦးနွေမင်းထွေး | ဦးလှဝင်း | ၁၅ | ၁၅၀၀ |
| ၆ | (၈၈)မျိုးဆက်ဒီမိုကရေစီပါတီ | ဦးထူး | ဦးဇော်ဦး | ၁၃ | ၂၀၀ |
| ၇ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | ဦးဇင်သူ | ဦးအောင်သူ | ၈ | ၉၈၉၇ |
| ၈ | ပြည်သူ့ပါတီ | ဦးဝင်းညွန့် | ဦးခင်မောင်ချို | ၉ | - |
| ၉ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ဦးငွေသိန်း | - | - | - |

(ဃ) **ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | လွှတ်တော်ကိုယ်စားလှယ် အမည် | ပါတီ/တသီးပုဂ္ဂလအမည် | လွှတ်တော်အမည် |
|---|---|---|---|
| ၁ | ဒေါ်မိကွန်ချမ်း | (NLD )ပါတီ | ပြည်သူ့လွှတ်တော် |
| ၂ | ဦးစိုးသီဟ(ခ)မောင်တူး | (NLD )ပါတီ | အမျိုးသားလွှတ်တော် |
| ၃ | ဦးထွန်းမင်းအောင် | (NLD )ပါတီ | ပြည်နယ်လွှတ်တော်(၁) |

| | | | |
|---|---|---|---|
| ၄ | ဦးဇော်ဇော်ထူး | (NLD )ပါတီ | ပြည်နယ်လွှတ်တော်(၂) |

## အခန်း(၆)

## စီးပွားရေးဆိုင်ရာအချက်အလက်

### စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ ပေါင်မြို့နယ်သည် မွန်ပြည်နယ်အတွင်း တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်သော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ဥယျာဉ်ခြံလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ ပေါင်မြို့နယ်သည် ကားလမ်း၊ ရေကြောင်းလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိက ထွက်ကုန်များမှာ ဆန်စပါး၊ ရာဘာဖြစ်ပြီး ပြည်နယ်အတွင်းသို့ အများဆုံး တင်ပို့ရောင်းချပါသည်။

### မြေအသုံးချမှု

၂၂။ ပေါင်မြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | **၁၅၄၀၃၉** |
| | (က) လယ်မြေဧရိယာ | ၁၂၉၃၁၃ |
| | ( ခ) ကိုင်း/ကျွန်းမြေ | ၉၉၃ |
| | ( ဂ) ဥယျာဉ်မြေ | ၂၂၈၉၀ |
| | ( ဃ) ဓနိ | ၈၄၃ |
| ၂ | လုပ်ထားမြေဧရိယာပေါင်း | ၇၁၁၅ |
| | (က) လယ်မြေဧရိယာ | ၇၁၁၅ |
| ၃ | စားကျက်မြေ | ၄၉၉၃ |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၃၇ |
| ၅ | မြို့မြေ | ၁၃၆၂ |
| ၆ | ရွာမြေ | ၁၄၀၇၈ |
| ၇ | အခြားမြေ | ၆၉၁၁၆ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | ၂၈၆၃၁ |
| ၉ | မြေရိုင်း | ၁၅၀ |

| | | |
|---|---|---|
| ၉ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | - |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

၂၃။ ပေါင်မြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြ အပ်ပါသည်-

(က) **ကိုယ့်အားကိုယ်ကိုးဆည်များ** - မရှိပါ။

(ခ) **မြစ်ရေတင်စီမံကိန်းများ** - မရှိပါ။

(ဂ) **တာတမံများ/ရေထိန်းတံခါး**

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြု ဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည်(ပေ) | | |
| ၁ | သဲကုန်းတာတမံ | မြေသားတာတမံ | ၁၄၀၀၀ | ချောင်း | ၁၀၀၂ |
| ၂ | ညောင်ကုန်းတာတမံ | မြေသားတာတမံ | ၁၇၅၀၀ | ချောင်း | ၂၆၇၄ |
| ၃ | ကျားဘို-ဝဲပတန် တာတမံ | မြေသားတာတမံ | ၁၈၃၀၀ | မြစ် | ၁၅၈၂ |
| ၄ | ဒေးကင်းတာတမံ | မြေသားတာတမံ | ၁၃၇၀၀ | မြစ် | ၁၇၃၂ |

**စိုက်ပျိုးရေးလုပ်ငန်း**

၂၄။ ပေါင်မြို့နယ်၏စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံ အမည် | ၂၀၁၈-၂၀၁၉ လျာထားဧက | | ၂၀၁၈-၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက်(တင်း) |
| ၁ | စပါး | နွေ | ၈၀၂၅ | ၂၁၃၃၂ | ၂၁၃၃၂ | ၇၇.၇၇ | ၁၆၅၈၉၉၇ |
| | | မိုး | ၁၂၆၉၉၅ | ၁၂၈၇၇၅ | ၁၂၈၇၇၅ | ၆၃.၀၁ | ၈၁၁၄၃၃၀ |
| ၂ | မြေပဲ | မိုး | - | - | - | - | - |
| | | ဆောင်း | ၇၀၀ | ၈၂၅ | ၈၂၅ | ၆၂.၂၅ | ၅၁၃၅၆ |
| ၃ | နှမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၁၉၈ | ၂၆၈ | ၂၆၈ | ၈.၈၉ | ၂၃၈၃ |
| ၄ | နေကြာ | - | - | - | - | - | - |
| ၅ | မတ်ပဲ | - | - | - | - | - | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၆၁၈ | ၁၆၄၈ | ၁၆၄၈ | ၁၇.၃၂ | ၂၈၅၄၃ |
| | | **စုစုပေါင်း** | **၁၃၆၅၃၆** | **၁၅၂၈၄၈** | **၁၅၂၈၄၈** | **-** | **၉၈၅၅၆၀၉** |

(ခ) **နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ**

| **စဉ်** | **သီးနှံအမည်** | **စိုက် (ဧက)** | **ရိတ် (ဧက)** | **အထွက်နှုန်း (ပိဿာ)** | **အထွက်ပေါင်း (ပိဿာ)** |
|---|---|---|---|---|---|
| ၁ | သရက် | ၇၇၁ | ၇၃၅ | ၁၁၂၁၆.၁၂ | ၈၂၄၃၈၅၀ |
| ၂ | ရှောက်ချဉ်နှင့် သံပရာ | ၁၈ | ၁၈ | ၄၅၅၃၁.၆၆ | ၈၁၉၅၇၀ |
| ၃ | ကွဲကောနှင့် ရှောက်ချို | ၆၃ | ၄၂ | ၅၅၉၆.၄၂ | ၂၃၅၀၅၀ |
| ၄ | ဒူးရင်း | ၉၇၇ | ၉၃၂ | ၂၇၇၆.၈၂ | ၂၅၈၈၀၀၀ |
| ၅ | သီဟိုဠ် | ၄၁၅ | - | - | - |
| ၆ | ဇီးသီး (ချဉ်) | ၃၃ | ၃၃ | ၄၀၅.၇၅ | ၁၃၃၉၀ |
| ၇ | မန်ကျည်း | ၈ | ၈ | ၁၀၉၆.၂၅ | ၈၇၇၀ |
| ၈ | အခြားသစ်သီး | ၉၇၂၉ | ၉၆၅၇ | - | ၇၀၆၆၉၁၈၆ |
| | **မြို့နယ်ချုပ်** | **၁၂၀၁၄** | **၁၁၄၂၅** | | **၈၂၅၇၇၈၁၆** |

(ဂ) **အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု**

| **စဉ်** | **သီးနှံအမည်** | **စိုက်ဧက** | **ရိတ်ဧက** | **အထွက်နှုန်း** | **အထွက်ပေါင်း** |
|---|---|---|---|---|---|
| ၁ | လက်ဖက် | ၁၅ | ၁၅ | ၂၁၀ | ၃၁၅၀ |
| ၂ | ငရုပ်ကောင်း | ၁၆၄၉ | ၉၅၁ | ၉၈.၅၅ | ၉၃၇၂၁ |
| ၃ | ငရုပ် | ၇၁၄ | ၇၁၄ | ၆၃၃.၆၆ | ၄၅၂၄၃၄ |
| ၄ | ဟင်းသီးဟင်းရွက် | ၆၅၅၈ | ၆၅၅၈ | ၃၅၃၈ | ၂၃၂၀၄၉၃၀ |
| | **မြို့နယ် ချုပ်** | **၈၉၃၆** | **၈၂၃၈** | | **၂၃၇၅၄၂၃၅** |

(ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် |
| ၁ | - | - | - | ၂ | - | - | - | ၇၅ | ၁၁၉၇ | - | ၁၁၁ | ၄၈ | ၂၇ | ၂၉၈၉ |

(င) လယ်ယာသုံးထယ်၊ ထွန်နှင့်ကျွဲ၊ နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲနွားကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၁၆၈၀၀ | ၁၆၂၁ | ၁၃၈ | ၁၄၅၅၃ |

(စ) **ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇ - ၂၀၁၈ အမှန် | ၂၀၁၈-၂၀၁၉ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၂၅၅၀၁၀၆ | ၂၆၂၅၁၂ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | | | |
| | -ကျေးလက်နေ | တင်း | ၂၉၂၇၁၇၅ | ၂၉၄၈၀၈၅ | |
| | -မြို့နေ | တင်း | ၇၁၈၄၅၂ | ၇၂၀၃၃၆ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၃၆၄၅၆၂၇ | ၃၆၆၈၄၂၁ | |
| ၄ | စပါးစိုက်ကေပေါင်း | ဧက | ၁၄၉၄၂၅ | ၁၅၀၁၀၇ | |
| | -အထွက်နှုန်း | တင်း | ၆၆.၆၉ | ၆၃.၂၆ | |
| | -အထွက်တင်း | တင်း | ၉၉၆၄၈၄၃ | ၉၄၉၆၅၇၆ | |
| ၅ | လာမည့်နှစ်စပါးစိုက်ကေ | ဧက | ၁၂၆၉၉၅ | ၁၂၉၂၄၇ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၄၃၉၂၇၅၂ | ၄၄၁၈၉၅၆ | |
| ၇ | အသုံးပြုတင်း | တင်း | ၄၃၉၂၇၅၂ | ၄၄၁၈၉၅၆ | |
| ၈ | ပိုလျှံမှု | တင်း | ၅၅၇၂၀၉၁ | ၅၀၇၇၆၂၀ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | - | - | |
| ၁၀ | ဖူလုံမှု | % | ၂၂၆.၈၅% | ၂၁၄.၉၀% | |

(ဆ) **ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၇-၂၀၁၈ အမှန် | ၂၀၁၈-၂၀၁၉ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၂၅၅၀၁၀၆ | ၂၆၂၅၁၂ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | ပိဿာ | ၆ | ၆ | |
| | ဝမ်းစာလိုအပ်ချက် | တန် | ၂၄၉၈.၅၆ | ၂၅၁၃.၇၆ | |
| | ဆီထွက်ရှိမှု | တင်း | ၃၈၆၉၆ | ၄၃၄.၅၂ | |
| ၃ | အလေအလွင့်နှင့် အခြား | တင်း | ၄၇၆၁ | ၅၃၀၃ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | ၉၅၉၈ | ၁၅၅၈၉ | |
| | အသုံးပြုမှု | မက်/တန် | ၂၄၉၈.၅၆ | ၂၅၁၃.၇၆ | |
| | လိုအပ်မှု | မက်/တန် | ၂၃၅၈.၇၂ | ၂၃၅၇.၆၀ | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၅.၅၉ | ၆.၂၁ | |

**မွေးမြူရေးလုပ်ငန်းများ**

၂၅။ ပေါင်မြို့နယ်၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ** - မရှိပါ။

(ခ) **မြို့နယ်မွေးမြူရေး (ကောင်ရေ)**

| စဉ် | မြို့နယ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ကြက်ဆင်/ ဘဲငန်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ပေါင် | ၂၀၁၈-၁၉ | ၁၄၂ | ၁၆၅၀၉ | ၉၆၀၃ | ၁၄၉၀၂ | ၁၄၁၆၅၆ | ၃၁၈၆၈ | ၄၄၃ |

(ဂ) **မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)**

| စဉ် | မြို့နယ် | ခုနှစ် | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ကြက်ဆင်/ ဘဲငန်း |
|---|---|---|---|---|---|---|---|---|
| ၁ | ပေါင် | ၂၀၁၈-၁၉ | ၁၄၂၁၉၁ | ၃၆၉၃၃၀ | ၉၀၆၅၄ | ၅၆၄၈၃၉ | ၁၃၆၈၃၂ | ၁၄၇၁ |

(ဃ) **မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)**

| စဉ် | မြို့နယ် | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|---|
| ၁ | ပေါင် | ၂၀၁၈-၂၀၁၉ | ၆၅၀၇၁၁၀ | ၁၅၉၄၉၉၃ | - |

(င) **မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု**

| စဉ် | မြို့နယ်/မြို့ | ခုနှစ် | နို့စားနွား(ကောင်ရေ) | နို့ထွက်(ပိဿာ) |
|---|---|---|---|---|
| ၁ | ပေါင်မြို့နယ် | ၂၀၁၈-၂၀၁၉ | ၂၅ | ၃၀ |

( စ) **မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ** - မရှိပါ။

(ဆ) **ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်မှု(တန်)** - မရှိပါ။

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ ပေါင်မြို့နယ်၏စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ** - မရှိပါ

(ခ) **မြို့နယ်ရှိစက်ရုံများ**

| စဉ် | မြို့နယ် / မြို့ | စက်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|---|---|
| ၁ | ပေါင် | သံလွင်သဘော်ကျင်းလုပ်ငန်း | လတ် | ၁ | - | ၃၀ |
| ၂ | ပေါင် | ဇလီဖားတုံးစက်ရုံ | လတ် | ၁ | - | ၁၁ |
| ၃ | ပေါင် | ပဒုမ္မာဆပ်ပြာစက်ရုံ | လတ် | - | ၁ | ၁၁ |

(ဂ) **မြို့နယ်ရှိအလုပ်ရုံများ**

| စဉ် | မြို့နယ် | အလုပ်ရုံအမည် | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | လုပ်သားအင်အား |
|---|---|---|---|---|---|---|
| ၁ | ပေါင် | ကျောက်ခွဲစက် | အငယ် | - | ၁၇ | ၁၇၀ |
| ၂ | | သစ်ခွဲစက် | အငယ် | - | ၄ | ၂၀ |
| ၃ | | ရေခဲစက် | အငယ် | - | ၃ | ၁၅ |
| ၄ | | စတီးလုပ်ငန်း | အငယ် | - | ၁၄ | ၄၂ |
| ၅ | | အုတ်ဖိုလုပ်ငန်း | အငယ် | - | ၈ | ၈၀ |
| ၆ | | ဟာလာစက် | အငယ် | - | ၈၀ | ၄၀၀ |
| ၇ | | အမှုန့်ကြိတ်စက် | အငယ် | - | ၄ | ၈ |
| ၈ | | ကွန်ကရစ်အုတ်/ရေစည် | အငယ် | - | ၁၅ | ၆၀ |
| ၉ | | ပရိဘောဂ | အငယ် | - | ၂၀ | ၈၀ |
